ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**အမျိုးသားလွှတ်တော်**

# အမိန့်ကြော်ငြာစာအမှတ် ၁၇ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

## တောင်သူလယ်သမားရေးရာကော်မတီဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ တောင်သူလယ်သမားရေးရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးချစ်ဝေ | ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၈) | **ဥက္ကဋ္ဌ** |
| ( ခ ) | ဦးဂျာလီရဲ့ | ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၇) | အဖွဲ့ဝင် |
| ( ဂ ) | ဦးထွန်းအောင်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်မင်းနိုင် | ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၉) | အဖွဲ့ဝင် |
| ( င ) | ဦးဟိန်းမင်းဦး | မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၃) | အဖွဲ့ဝင် |
| ( စ ) | ဦးအောင်ဝင်းသန်း | ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဆ) | နန်းစောစောမွန် | ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဇ) | ဦးမြင့်ဦး | မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၈) | အဖွဲ့ဝင် |
| (ဈ) | ဦးခင်မောင်ထွေး(ခ) မင်းစောနွယ် | မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ည) | ဦးမင်းစိန် | ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးကြီးစိုးမိုးကျော် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဗိုလ်မှူးကြီးဝင်းသိန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးသက်ထွန်းဦး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကျော်ဇေယျာဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးခင်ဇော်ထွန်း | ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၆) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့် အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီ၏တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီ၏ လေ့လာတွေ့ရှိချက်များပေါ်မူတည်၍ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ အဆိုတင်သွင်းရန်၊

(ခ) တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန်၊

(ဂ) လွှတ်လပ်စွာ စိုက်ပျိုး၊ ထုတ်လုပ်၊ သိုလှောင်၊ ကြိတ်ခွဲ၊ ရောင်းချခွင့်ရရှိရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ဃ) လယ်ယာထွက်ကုန်များဖြစ်သည့် ကောက်ပဲသီးနှံများကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊

(င) လယ်ယာထွက်ကုန်သီးနှံများ အရည်အသွေး ကောင်းမွန်မြင့်မားစေရေးအတွက် မျိုးကောင်း၊ မျိုးသန့်နှင့် နည်းပညာရရှိရေးကို ကူညီဆောင်ရွက်ပေးရန်၊

(စ) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေ လုံလောက်စွာရရှိရေး၊ လယ်ယာထွက်ကုန်ရောင်းချမှုအပေါ် အကျိုးအမြတ်လုံလောက်စွာရရှိရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ဆ) တောင်သူလယ်သမားများအတွက် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို နည်းလမ်းရှာဖွေ၍ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အခါအားလျော်စွာ လွှတ်တော်သို့ တင်ပြရန်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၆။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီသည် တောင်သူလယ်သမားအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို လည်းကောင်း၊ တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်၊

(ခ) ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လိုအပ်သည့်ပြည်တွင်းနေရာဒေသ၊ တောင်သူလယ်သမားအဖွဲ့အစည်းအရုံးများသို့ တာဝန်အရ သွားရောက်လေ့လာဆောင်ရွက်နိုင်ပါသည်။ ထိုသို့ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာလိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး အမျိုးသားလွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်၊

(ဂ) ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ပေးရန်သင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည်စုံစွာ ပြုစုတင်ပြရမည်၊

(ဃ) တောင်သူလယ်သမားအဖွဲ့အစည်းများနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာတွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များမေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ်များပေးခြင်း၊ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။ ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌထံသို့တင်ပြ၍ ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ အမျိုးသားလွှတ်တော်ရုံး၏ အစီအစဉ် ဖြင့်သာ တရားဝင်ဆောင်ရွက်ခွင့်ရှိသည်၊

(င) တောင်သူလယ်သမားအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင်၊ လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်းပြုနိုင်သည်။ အကယ်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရန် အချိန်မမီပါက တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းဆောင်ရွက်ချက်များကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်၊

(စ) တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ချက်များအား ဦးစားပေးအစီအစဉ်အလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများကို ပြုစုတင်ပြသွားရမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၇။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့်ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၈။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင်တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ